unicef

ဂါဂူးက ကျောင်းကိုလာရင် သူငယ်ချင်းတွေနဲ့ကစားရလိမ့်မယ်လို့ မျှော်လင့်တယ်။ ဒါပေမယ့် . . သူတို့ မကစားချင်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဂါဂူးက သူများတွေလို စကားမပြောနိုင်ဘူး။ "ဂါဂူး ဂါဂူး" လို့ပဲ အသံထွက်နိုင်တယ်။

အရုပ်လေးတွေပေးပြီး ကစားဖော်ရှာတော့လည်း မယူကြဘူး။
ဒါပေမယ့် . . . ဂါဂူး ထပ်ကြိုးစားတယ်။

မုန့်ပေးပြန်တော့လည်း မယူကြပြန်ဘူး။
ဒါပေမယ့် . . . ဂါဇူး ထပ်ကြိုးစားတယ်။

ဆရာမက လက်တွဲပြီးကစားခိုင်းတော့လည်း မတွဲချင်ကြဘူး။

 ဒါပေမယ့် . . . ဂါဂူး ထပ်ကြိုးစားတယ်။

အရုပ်ပေးတာလည်း မရဘူး။
မုန့်ပေးတာလည်း မရဘူး။
ဆရာမကပြောတော့လည်း မရဘူး။
ဒီတော့ . . . ဘယ်လိုလုပ်ရမလဲ . . .
ဟုတ်ပြီ . . .
ဂါလူး အကြံရသွားပြီ။

ပန်းချီချိန်ရောက်ပြီ .....

ဂါဂူးက သူဆွဲထားတဲ့ပုံကို
နံရံမှာ ကပ်လိုက်တယ်။

သူငယ်ချင်းတွေ ဝိုင်းကြည့်ကြတယ်။

"ဒါက စုစုပုံ၊ ဟိုပုံက ကိုထွေးလေ၊ ဒီမှာက ဂါဂူးပေါ့။"
ကျန်တဲ့သူငယ်ချင်းတွေကလည်း သူတို့ပုံဘယ်မှာလဲလို့ ဂါဂူးကိုမေးကြတယ်။

"ငါ့ပုံကိုလည်း ဆွဲပေးလေ၊ ငါ့ကိုရော . . . ငါ့ကိုရော" လို့
သူငယ်ချင်းတွေက ဝိုင်းပြောကြတယ်။

အခုတော့ ဂါဂူးပျော်သွားပြီ။

ပြုစုစောင့်ရှောက်သူများအတွက်အမှာစာ

သည်စာအုပ်လေးဟာ မွေးစမှ ၃နှစ်အရွယ် မြန်မာကလေးငယ်တွေအတွက်၊ ကလေးတွေနဲ့မိဘ မောင်နှမ ဆွေမျိုးသားချင်းများနဲ့တကွ ကလေးတွေကို ပြုစုစောင့်ရှောက်သူတွေ (ထိန်းကျောင်းနေသူတွေ) အတွက် ရည်ရွယ်ပါတယ်။ သည်အရွယ်ကလေးတွေဟာ ရုပ်ပုံတွေကြည့်ရတာ၊ ပုံနားထောင်ရတာ၊ စာအုပ်တွေနဲ့ ဆော့ရတာတွေကို အကြိုက်တွေ့တတ်ကြပါတယ်။ သည်အရွယ်လေးတွေအတွက် အက္ခရာတွေ၊ စကားလုံးတွေ၊ သင်္ချာကိန်းဂဏန်းတွေကို သင်ဖို့ မှတ်ဖို့ မလိုအပ်လှသေးပါဘူး။ စာသင်ဖို့ ကိုယ်ရောစိတ်ပါ သိပ်အဆင်သင့်မဖြစ်ချင်လှသေးတဲ့ ၃နှစ်၊ ၆နှစ်လောက် ကလေးတွေကို စာအတင်းဖတ်ခိုင်းမိခဲ့မယ်ဆိုရင် ကျောင်းနေတဲ့အရွယ်မှာတော့ နောက်ပိုင်းဘဝတစ်လျှောက်လုံးမှာပါ အခက်တွေ့ရနိုင်ပါတယ်။ ကလေးတွေအတွက်အလိုအပ်ဆုံးက သူနဲ့ကိုယ်ကြားမှာ နွေးနွေးထွေးထွေး ချစ်ခင်ရင်းနှီးမှုသာဖြစ်ပါတယ်။ အဲသလို နွေးထွေးတဲ့ချစ်ခင်ရင်းနှီးမှုကို ရယူနိုင်ဖို့အတွက် ကလေးနဲ့ အတူနေတဲ့အချိန်လေး ပုံမှန်ထားပေးဖို့လိုပါတယ်။ စာအုပ်တွေထဲမှာ မြင်ရနိုင်တာ၊ ကြားရနိုင်တာလေးတွေကို ကလေးတွေဘာသာ စူးစမ်းရှာဖွေ မှတ်သားတတ်လာအောင် ဘေးကနေ မသိမသာလေး သိုင်းဝိုင်းပေးရပါမယ်။ စာအုပ်တွေထဲမှာ တွေ့ရမြင်ရတဲ့အမှုအရာတွေကို အတုခိုးဖြစ် လိုက်လုပ်ဖြစ်သွားအောင် အားပေးရပါမယ်။ ပုံပြင်လေးတွေကို သူတို့စိတ်ကူးလေးတွေနဲ့ သူတို့ဘာသာဖန်တီးပြီး ပြောဖြစ်လာအောင် အားပေးရ တိုက်တွန်းရပါမယ်။ စာအုပ်တွေကို ကလေးတွေကိုယ်တိုင် စူးစမ်းကြည့်ရှုတဲ့အခါ မဟန့်တားဘဲ ခွင့်ပေးရပါမယ်။ ကလေးက သူ့စိတ်ထဲမှာရှိတဲ့အတိုင်း ပြောတာဆိုတာ၊ နေတာထိုင်တာတွေကို သဘောကျတဲ့ပုံပန်း၊ ကျေနပ်တဲ့ပုံပန်းကို ပြပေးကြရပါမယ်။

"ဂါထူး" ဇာတ်လမ်းဟာ စကားမပြောတတ်တဲ့ ကလေးလေးတစ်ယောက်အကြောင်းဖြစ်ပါတယ်။ သူပြောနိုင်တဲ့ တစ်လုံးတည်းသောစကားကတော့ "ဂါထူး" ဆိုတာသာဖြစ်ပါတယ်။ မူကြိုကျောင်းက သူ့အတန်းဖော်တွေက သူ့ကိုဝိုင်းပယ်ထားကြလို့ သူ့မှာအဖော်မဲ့နေရှာပါတယ်။ အတန်းဖော်တွေကို

အရုပ်တွေ၊ သကြားလုံးတွေပေးပြီး မိတ်ဆွေဖွဲ့ဖို့ သူအတန်တန်ကြိုးစားပေမဲ့ သူတို့ကသူ့ကိုမခေါ်ချင် မပြောချင်ကြပါဘူး။ ဒါပေမယ့် သူကစိတ်မလျှော့ဘူး။ နောက်ဆုံးမှာတော့ ဂါဂူးဟာ သူ့ရဲ့အနုပညာ အစွမ်းကိုသုံးပြီး သူနဲ့သူ့အတန်းဖော်တွေပါတဲ့ ရုပ်ပုံတစ်ပုံကို ဆွဲခဲ့ပါတယ်။ သိပ်လှတဲ့ ပန်းချီကားလေး ပါပဲ။ အတန်းဖော်တွေက အဲဒီပုံကိုသဘောကျကြတယ်။ သည်လိုနဲ့ သူ့ကို ရုပ်ပုံတွေ၊ ပန်းချီတွေ ဆွဲခိုင်းချင်လာကြပါတယ်။ အဲဒီကနေ ဂါဂူးနဲ့အတူကစားလာကြပြီး ခင်မင်ရင်းနှီးလာကြပါတော့တယ်။

သည်ဇာတ်လမ်းဟာ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးပါ။ စိတ်ဓာတ်ကြံ့ခိုင်တဲ့ကလေးတစ်ယောက်ရဲ့အံ့မခန်း ဖြစ်ရပ်လေးပါပဲ။ သူဟာ ဘဝကိုပင်ပန်းဆင်းရဲခြင်းကြီးစွာကျော်ဖြတ်နေရပေမယ့် အားမလျှော့ဘူး။ သူကြုံတွေ့ရတဲ့အခက်အခဲတွေကို စိတ်နှလုံးကောင်းနဲ့ ရင်ဆိုင်ပါတယ်။ ကလေးတွေဟာ သူတို့ရဲ့ မိသားစုနဲ့ ပြုစုစောင့်ရှောက်သူတွေဆီက ချစ်ခင်မှု၊ ယုယမှု၊ ကြင်နာမှုတွေကိုရထားရင်၊ လုံခြုံစိတ်ချရမှုကို ရထားရင်၊ သူတို့ရဲ့ခံစားချက်တွေကို ဖွင့်အန်ခွင့်ရထားရင်၊ ဘဝမှာကြုံတွေ့ရသမျှ အခက်အခဲတွေကို ကြီးမားသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ သူတို့ဘာသာရင်ဆိုင်ဖြေရှင်းနိုင်ဖို့အတွက် ဖေးမကူညီမှုတွေ ရထားမယ်ဆိုရင် သူတို့လေးတွေဟာ လောကဓံကိုကြံ့ကြံ့ခံနိုင်လာနိုင်ကြပါတယ်။

ကိုယ့်ကလေးကျန်းမာသန်စွမ်းအောင်၊ ပျော်ရွှင်အောင်၊ စူးစမ်းလေ့လာတတ်အောင်၊ သူ့ကိုယ်သူ ယုံကြည်မှုရှိလာအောင် ကူညီဖေးမပေးနိုင်တဲ့ စွမ်းရည်တွေက လူတိုင်းလူတိုင်း၊ မိသားစုဝင်တိုင်းမှာ ရှိပါတယ်။ စာဖတ်သူကိုယ်တိုင်လည်း ကိုယ့်ကလေးအတွက် အားရကြည်နူးစရာ တစ်ခုမကလုပ်ပေး ခဲ့ပြီးဖြစ်မှာ သေချာပါတယ်။ သင်နဲ့သင့်ကလေးတို့ရဲ့ နေ့စဉ်ဘဝမှာ တစ်နည်းတစ်လမ်းအထောက်အပံ့ ဖြစ်စေဖို့ရည်ရွယ်ချက်နဲ့ သည်စာအုပ်ကိုတင်ဆက်လိုက်တာပါပဲ။

ကျေးဇူးတင်လွှာ

ဤစာအုပ်ကို မြန်မာကလေးများနှင့် သူတို့၏မိသားစုများအတွက် အထောက်အကူဖြစ်စေရန် ယူနီဆက်သည် လက်တွဲအလုပ်လုပ်လျက်ရှိသောဌာနအသီးသီးနှင့် အတူတကွထုတ်လုပ် ဖန်တီးခဲ့ပါသည်။

ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မီဒီယာအသုံးပြု မိဘပညာပေးအစီအစဉ်

အတိုင်ပင်ခံပုဂ္ဂိုလ်	- Ms. Barbara Kolucki
စာရေးသူ	- ဒေါ်ခိုင်သွယ်ဦး (ခုနစ်ရွှေစင်မူကြို)
သရုပ်ဖော်	- ဦးသိန်းဝင်းအောင် (ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ - ယူနီဆက်)
ကူညီပံ့ပိုးသူ	- ဒေါ်တင်တင်ရီ (ယူနီဆက်) တို့နှင့်

ဤစာအုပ်ကို ပြုစုရာတွင်ပူးပေါင်းပါဝင်ခဲ့ကြသော-
ဒေါ်နုနုယဉ် (စာပေဗိမာန် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း) ဦးဟန်ရွှေ (ဗဟိုကျန်းမာရေး ပညာပေးဌာန) ဦးသန်းထွန်း (ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့- ယူနီဆက်) ဦးမိုးညွန့် ယူနီဆက်မှ Ms. Alice Mundhenk နှင့် ဒေါ်Gillian ခန်းစန်းဒေးဗစ်တို့အား ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ဤစာအုပ်များပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်ခဲ့ကြသောသူများ၊ စမ်းသပ်ကွင်းဆင်းသူ အားလုံးတို့အား တန်ဖိုးရှိသောအချိန်များကိုပေးအပ်ခဲ့ခြင်းအတွက် အထူး ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ယူနီဆက် ရန်ကုန် (၁၄)ထပ် ကုန်သည်ကြီးများဟိုတယ် ၂၂၃ ဆူးလေဘုရားလမ်း ရန်ကုန်။
ဖုန်း ၃၇၅၅၂၇ ၃၇၅၅၂၈ ၃၇၅၅၂၉ ၃၇၅၅၃၀ ဖက်(စ်) ၉၅-၁-၃၇၅၅၅၂

ရောင်းရန် မဟုတ်ပါ။

ဤစာအုပ်ကို ထပ်မံရိုက်နှိပ်လိုပါက ယူနီဆက်၏ ခွင့်ပြုချက်ရယူပြီးမှ ရိုက်နှိပ်ပါရန်။